မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ်

တစ်ဦးအပေါ်တွင် ဝတ္တရားငါးခုရှိသည်။ ၎င်းတို့မှာ(၁) စလာမ်၏အဖြေပေးခြင်း (၂) လူမမာ သတင်းမေးခြင်း (၃)

ဂျနာဇဟ်လိုက်ပါ ပို့ဆောင်ခြင်း (၄)

ဖိတ်ခေါ်ကျွေးမွေးမှုကို လက်ခံခြင်း (၅) နှာချေသူကိုဆုတောင်းပေးခြင်းတို့ဖြစ်သည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။
မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ် တစ်ဦးအပေါ်တွင် ဝတ္တရားငါးခုရှိသည်။၎င်းတို့မှာ(၁) စလာမ်၏အဖြေပေးခြင်း (၂) လူမမာ သတင်းမေးခြင်း (၃) ဂျနာဇဟ်လိုက်ပါ
ပို့ဆောင်ခြင်း (၄) ဖိတ်ခေါ်ကျွေးမွေးမှုကို လက်ခံခြင်း (၅) နှာချေသူကို
ဆုတောင်းပေးခြင်းတို့ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မွတ်စ်လင်ညီနောင် အချင်းချင်းတစ်ဦးအပေါ်တစ်ဦးထားရှိရမည့် အချို့သောဝတ္တရားများကို ရှင်းပြတော်မူခဲ့သည်။၎င်းတို့အနက် ပထမဝတ္တရားမှာ မိမိအားစလာမ်ပေးသူကို စလာမ်၏ အဖြေပေးခြင်းဖြစ်သည်။ဒုတိယဝတ္တရားမှာ လူမမာကို သွားရောက်တွေ့ဆုံကာ သတင်းမေးခြင်းဖြစ်သည်။ တတိယဝတ္တရားမှာဂျနာဇဟ်အား ၎င်း၏အိမ်မှ ဂျနာဇဟ်ဆွလာသ် ဝတ်ပြုရာသို့လည်းကောင်း၊ကဗရ်သင်္ချိုင်းသို့လည်းကောင်း မြှုပ်နှံပြီးသည်အထိ လိုက်ပါပို့ဆောင်ခြင်းဖြစ်သည်။စတုတ္ထဝတ္တရားမှာ ဝလီမဟ် မင်္ဂလာဧည့်ခံပွဲသို့ဖြစ်စေ၊အခြားကျွေးမွေးပွဲများသို့ဖြစ်စေ ဖိတ်ကြားသည့်အခါ လက်ခံခြင်းဖြစ်သည်။ပဉ္စမဝတ္တရားမှာ နှာချေသူကို ဆုတောင်းပေးခြင်းဖြစ်သည်။ ဤသည် နှာချေသူက “အလ်ဟမ်ဒုလိလ္လာဟ်" (ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာဖြစ်သည်)ဟုဆိုသည့်အခါ ကြားသူက “ယရ်ဟမုကလ္လာဟ်” (အသင့်ကို အလ္လာဟ်အရှင်မြတ် ကရုဏာသက်တော်မူပါစေ)ဟု ပြန်လည်ဖြေကြားခြင်းဖြစ်သည်။ ထို့နောက် နှာချေသူက “ယဟ်ဒီကုမွလ္လာဟု ဝယွတ်စ်လိဟ် ဗားလကွမ်” (အသင်တို့ကို အလ္လာဟ်အရှင်မြတ်လမ်းမှန်ပြပေးတော်မူပါစေ၊ အသင်တို့၏ အရေးကိစ္စကို ကောင်းမွန်အောင်ပြုလုပ်ပေးတော်မူပါစေ) ဟုဆိုရမည်။

http://www.sunnah.global/hadeeth/my/show/3706